ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

# ဆုံဆည်းခွင့်

အချစ်

လုံးချင်းဝတ္ထုသစ်



# အခန်း (၁)

နံနက်ခင်း၏ အလင်းရောင်သည် ပြတင်းတံခါးမှ တစ်ဆင့် သူမ၏ အခန်းထဲသို့ နွေးထွေးစွာ ဝင်ရောက်နေသည် ။

ကျေးငှက်ကလေးတွေက ပလီပလာ တီတီတာတာနှင့် အစာရှာထွက်ကြရန် တိုင်ပင်နေကြသည့်လား မသိပေ။ ကျလိ ကျလိ နှင့် မထိတထိ နှုတ်ခွန်းဆက်သည့်ငှက်က ဆက်၊ နားထဲမှာ ကြားရတာ နားဝင်ချိုသည် ထက် စိတ်က တိုချင်ချင်။

မျက်လုံးကို ဖွတ်မှိတ်၍ ဆက်အိပ်ဖို့ ကြိုးစားနေသော သူမအာရုံထဲမှာ ငှက်ကလေးတွေကို မြင်ယောင်ကြည့်နေမိသည် ။

"ဥဩ… ဥဩ… ဥဩ"

မင်္ဂလာရှိသော နံနက်ခင်း၏ ခရီးဦးကို အသံချိုချိုနှင့် နှုတ်ခွန်းဆက်၍ ကြိုဆိုနေသည် က နွေရဲ့ အဖော် ဥဩငှက်ကလေးပင်။ အဲဒီနောက်မှာ တော့…

"ပိတောက်တွေ ရွှေရည်လူး x x x အတာကြူး လတန်ခူးရောက်ရင် x x x ငုပန်းတွေ လှိုင်လှိုင်ဖူး ချစ်ဦးကို ပြန်သတိရနေ x x x ပိတောက်တွေ ပွင့်ပြီပေါ့လေ x x x ငုတွေ ဝင့်ဝါလို့ နေx x x ခူးခြွေဆွတ်ပါလို့ လေ x x x မေးလာခဲ့ပုံလေးတွေ ကြည့်ကာလေ မေ့အသည်း လွမ်းလျစိတ်ပို x x x ပြန်လည်ဆုံလို့ တွေ့ရင်လေ x x x ရွှေပိတောက်နဲ့ အကြိုထောက်မ

ယ် ချစ်ဦးရေ x x x ချစ်ဦးရေx x x သူများ ပျော်လို့ မှ မေ့မှာ မပျော်နိုင် x x x ရည်းစားပျောက်လို့ မှိုင်”

ဘယ့်နှယ် နားမချမ်းသာစရာကြီးပါလား။ စောစောစီးစီး အလွမ်းသီချင်းကို ဘယ်သူကများ ထဖွင့်နေပါလိမ့်။ မသကာ Rဇာနည်တို့ ရေဗက္ကဝင်းတို့လို မြူးမြူးကြွကြွ သီချင်းလေး ဖွင့်ပါတော့လား။ ခုတော့ နားကို ဒုက္ခပေးနေတာ။

ဒီသီချင်းက ညနေစောင်းတွေမှ နားထောင်လို့ အရသာရှိတာ။ အင်းပေ့ါလေ… အလွမ်းဓာတ်ခံ ရှိတဲ့ သူတွေအတွက်တော့ သီချင်းလေးက ဘယ်အချိန်ပဲ နားထောင် နားထောင် ခံစားလို့ ကောင်းနေမှာ ပေ့ါ။

အလွမ်းမရှိတဲ့ သူမအတွက်ကတော့ မနက်စောစောမို့ နားထဲမှာ ကန့်လန့်ကြီးဖြစ်နေသည် ။

အတွေးနှင့် ငြိမ်သက်နေဆဲမှာ ပဲ လေပြည်က သယ်ဆောင်လာသော ခပ်သင်းသင်းရနံ့က နှာခေါင်းထဲသို့ တိုးဝင်ကျီစယ် လာလေသဖြင့် မျက်လုံးကို မဖွင့်ပါဘဲ ထိုရနံ့ကို အာရုံခံ၍ ရှူရှိုက်လိုက်သည် ။ ဘာရနံ့ဆိုတာကို သူမ သိလိုက်ပါပြီ။

“မိဝါ”

“ညောင်…”

“မိဝါရေ”

“ညောင်…”

“မိဝါ… မိဝါ”

“ညောင်း… ညောင်း”

နားထဲသို့ ရုတ်တရက် တိုးဝင်လာသော ခပ်စူးစူးအသံကြောင့် သူမ မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်သည် ။

“မိဝါ”

“ညောင်...”

“မိဝါရေ”

“ညောင်း...”

အသံက ပိုကျယ်လာပေပြီ။ ကြားနေကျ အသံပေမို့ ကိုယ်ပေါ်ကစောင်ကို ဆတ်ခနဲ ခွာပစ်လိုက်၏။ ပြီး အိပ်ရာပေါ်မှ ဆင်းလာခဲ့ပြီး အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည် ။

“ဟဲ့... ဟဲ့... ဒါက ဘယ်လိုဖြစ်လာတာတုန်း သမီးရဲ့ ”

လှေကားမှာ မေမေနဲ့ ဆုံကြပြီး မေမေက မျက်လုံးဝိုင်းနှင့် ဆိုလေသည် ။

“အာ... မေမေ မကြားဘူးလား။ ဟိုနှစ်ကောင် သောင်းကျန်းနေတာ ”

“မျက်နှာသစ်... ပလုတ်ကျင်းပြီးမှ သွားလေ”

“ရတယ် မေမေ”

ပြောပြီး သူမ မီးဖိုထဲသို့ဝင်ပြီး ရေနှင့်သာ ပလုတ်ကျင်း၍ ပြန်ထွက်လာခဲ့သည် ။ ဒေါ်ပွင့်ဝါ အပြုံးချိုချိုလေးသာ ပြုံးပြ၍ သမီးကို ဘာမှ ဆက်မပြောတော့ပေ။

သူမကလေးကတော့ အိမ်ရှေ့သို့ ထွက် လာပြီး မျက်လုံးကစား၍ ဟိုဟိုဒီဒီ ရှာဖွေကြည့်နေသည် ။ သူမ ထွက်လာသည် နှင့် ကြောင်ခေါ်သံ

ရော ကြောင်ထူးသံပါ ပျောက်ချက်သားကောင်းသွားလေတော့၏။

တစ်နေရာရာကနေ သူမကိုကြည့်ပြီး ကျိတ်ရယ်နေကြရော့မည်။ တွေ့လို့ ကတော့… ဟွန်း…။

"ဟဲ့… သေနာနှစ်ကောင်… နင်တို့ ဘယ်မှာ လဲ။ ထွက်ခဲ့ကြစမ်း"

သူမ ခြေကလေးဆောင့်၍ အော်လေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး လေတိုးသံမှ အပ ဘာသံမှ မကြားရတော့ပေ။

"ထွက်မလာဘူးလား။ ငါ စိတ်တို လာပြီနော်"

တကယ်ပဲ စိတ်တို လာပြီမို့ သူမ သဲကြီးမဲကြီး ရှာဖွေနေတော့သည် ။ ဒါ သူမကို သက်သက် ညှဉ်းနေကြတာ။

"ဟင်…"

အကြည့်က ပိတောက်ပင်အောက်သို့ ရောက်သွားမိခိုက် ပိတောက်ပင်အောက်မှာ ပိတောက်ပန်းတွေကို မြင်လိုက်ရ၏။

ဒါ ဟိုနှစ်ယောက် ခူး ပုံထားတာပဲ ဖြစ်ရမယ်။ အရွက်တွေတောင် သင်ထားလိုက်သေး။

"ပိတောက်ပန်းတွေ အများကြီးပဲ"

စူပုပ်နေသော သူမ၏ မျက်နှာလေး ဝင်းပသွားလေပြီ။ ဒီလိုကျတော့ သူငယ်ချင်း နှစ်ယောက်က ချစ်ဖို့ ကောင်းပြန်ရော။ သူမအပေါ် အလိုက် သိတတ်ကြသည် လေ။

သူမတို့ မှာ သူငယ်ချင်းသုံးယောက် ရှိလေသည် ။ သူမနာမည်က ရော်ရွက်ဝါ။ သူငယ်ချင်း နှစ်ယောက်ကတော့ အနှိုင်းမဲ့နဲ့ များ သာလွန် ဆိုတဲ့ ကောင်လေးနှစ်ယောက်ပါပဲ။

“ပိတောက်ပန်းတွေ ခူးထားပေးလို့ ကျေးဇူးတင်တယ်ဟော့”

ဘယ်မှာ ပုန်းနေမှန်းမသိတဲ့ သူတွေကို အော်ပြောလိုက်ပြီး သူမ ဂါဝန်လေးတဖားဖားနှင့် ပိတောက်ပင်အောက်သို့ ပြေးခဲ့တော့သည် ။

ပိတောက်ပင်အောက်သို့ ရောက်တော့ ပိတောက်ပန်းတွေက အများကြီး။ ဝမ်းသာအားရနှင့် ပိတောက်ပန်းတွေကို သိမ်းကျုံးပွေ့ယူလိုက်စဉ်…

“မိဝါ”

“ညောင်း”

“ဗွမ်း”

“အမယ်လေး”

“ဟား… ဟား… ဟား”

“ကြွက်ကလေးဖြစ်ပြီ”

“ခုမှ လှလိုက်တာကွာ”

ပိတောက်ပင်၏ ဝန်းကျင်၌ အသံမျိုးစုံ ဆူညံစွာ ရိုတ်ခတ်သွားလေတော့သည် ။ ရွှက်ဝါ ငိုမဲ့မဲ့လေးဖြစ်ကာ

“ခေါင်းတွေပါ စိုကုန်ပြီ”

“ချစ်လို့ ကျီစယ် ပေသွားတယ်…”

“ဘာဖြစ်လို့ … ဘာဖြစ်လို့ ”

သူတို့ က ပြောင်စပ်စပ် မျက်နှာတွေနှင့် ဒွေးနှင့် ထက်ထက်မိုးဦး ကြော်ငြာကို အော်ဆိုလေသည် ။ နှစ်ယောက်စလုံးက သစ်ပင်ပေါ်မှာ ။

“ခွေးကောင်တွေ… လာ… အခု ဆင်းခဲ့”

“ကြောင်မလေး မျက်နှာမသစ်ရသေးလို့ ရေပါ ချိုးပေးလိုက်တာ”

“စေတနာတွေ တောင်ပုံရာပုံနဲ့ လေ”

“သင်္ကြန်ကျလို့ ရေပက်တယ်… စိတ်မဆိုးပါနဲ့ ကြောင်မရယ်”

“ရှိ… ရှိ… ခမော… ခမော”

လိုက်လည်း လိုက်ဖက်တဲ့ နှစ်ယောက်ပါပဲ။ ရွက်ဝါတစ်ကိုယ်လုံး ရေတွေစိုရွှဲကာ ကြွက်စုတ်ကလေးလို ဖြစ်နေတာကို ကြည့်ပြီး သစ်ပင်ပေါ်မှ ခုန်ဆင်းကာ ထင်ရာမြင်ရာကို သီချင်းလုပ်ဆိုပြီး တွန့်လိမ်ကောက်ကွေးလျက် ကနေသေးသည် ။

ရုပ်တွေကလည်း ကြည့်ပါဦး။ အိုးမည်းသုတ်ရာ ဗရပွနှင့်။ မျက်နှာလှလှတွေက သရဲရုပ် ပေါက်နေသည် ။ လက်ထဲမှာ လည်း ဖိုက်ဘာရေပုံး ကိုယ်စီနှင့်။

“ကြည့်ပါလား… ရုပ်တွေကိုက အန်ချင်စရာကြီး”

“အန် လိုက်လေ… ဝေါ့”

အနှိုင်းက ပိုကဲ ပိုသည်းသူမို့ ရွက်ဝါကို မျက်လုံးပြူးပြ၊ ပါးစပ်ကြီးဖြဲပြ လုပ်နေသေးသည် ။ ရွက်ဝါက တခစ်ခစ်နှင့် ရယ်လျက်…

“စောစောစီးစီး ချမ်းလိုက်တာဟယ်”

“ငါးကြော်တွေ စားပိုးနင့်အောင် ခိုးစားပြီး အိပ်ပုပ်ကြီးနေတာကိုး။ မျက်လုံးကိုလည်း နည်းနည်းပါးပါး ပွတ်သပ်ကြည့်ပါဦး။ ဘယ်အချိန်ရှိပြီလဲ”

“မသာနဲ့ ပြိုင်အိပ်နေတာလေ”

"လွန်နော်… ဘာ မသာနဲ့ ပြိုင်အိပ်နေတာလဲ။ ကျောချမ်းစရာတွေ မပြောနဲ့ "

"ဟား ဟား… သေမှ တော့ ကြောက်သလား"

"လွန်"

ရွှက်ဝါ စိတ်တိုတိုနှင့် လွန်ကို ထုလေတော့ လွန်က အနှိုင်းကို ပတ်ပြေးကာ…

"အနှိုင်းရေ… ကယ်ပါဦးဟ"

"ကြောင်မ အရိုးနင်လို့ သောင်းကျန်းနေတယ်"

ဟု ဆိုပြီး အနှိုင်းက ရွှက်ဝါလက်တွေကို ချုပ်ကိုင်ကာ သူ့လက်ဝါးမည်းမည်းကြီးနှင့် ရွှက်ဝါမျက်နှာတွေကို သုတ်လေတော့သည် ။

"အယ်… အနှိုင်းနော်… ဘာလို့ အိုးမည်းတွေနဲ့ သုတ်တာလဲ… လူညစ်"

"လှလိုက်တာ အရမ်းပါပဲ။ မှ င်စာလေး… ဟေး ဟေး"

"ဘယ်က မှ င်စာရမှာ လဲ အနှိုင်းရ။ မယ်ကုဝဏ်ကွ"

"နင်တို့ နော်… တော်ပြီ။ နင်တို့ နှစ်ယောက်ကို မခေါ်တော့ဘူး"

"နင်တို့ ကလည်း အဲဒီလိုတော့ မလုပ်ပါနဲ့ ။ ဒီနေ့ သင်္ကြန်အကြိုနေ့လေ။ တို့ ရေကစားထွက်မလို့ မလိုက်ဘူးလား"

"ဟယ်… ဟုတ်သားပဲ။ ငါ မေ့နေတာ"

အနှိုင်းပြောမှ ပဲ ဒီနေ့ သင်္ကြန်အကြိုနေ့ဆိုတာကို ရွှက်ဝါ သတိရသွားလေသည် ။ ရွှက်ဝါကို ကြည့်ပြီး များ သာလွန် က နှာခေါင်းကိုရှုံ့၍ လက်နှင့် ယပ်ခတ်ပြကာ…

“ဟင်း… အာပုပ်စော်နံလိုက်တာ”

“လွန်နော်… နင် စပြန်ပြီလား”

ရွက်ဝါ၏ ပါးပြင်ပေါ်မှာ သနပ်ခါး ပါးကွက်ရေးရေးလေး ရှိနေသေးတာကြောင့် မျက်နှာမသစ်ရသေးဘူးဆိုတာ သိပြီး လွန်က စလိုက်ခြင်းပါ။

ထုံးစံအတိုင်း နှုတ်ခမ်းစူပြရပေမယ့် ရွက်ဝါ စိတ်ကတော့ သိပ်မလုံပါပေ။ တကယ်လည်း ရွက်ဝါ သွားတိုက်၊ မျက်နှာသစ်မှ မလုပ်ရသေးတာ။

“ကဲ… မိဝါ”

“ခေါ်ပြန်ပြီလား ဒီ မိဝါ”

သူမကို ကြောင်နှင့်နှိုင်း၍ မိဝါလို့ ခေါ်တာကို ရွက်ဝါ လုံးဝမကြိုက်ပေ။

“နင်တို့ အဲဒီလိုခေါ်ရင် ငါ မလိုက်ဘူး”

“ဟာ… အဲဒီလိုတော့ မလုပ်ပါနဲ့ သူငယ်ချင်းလေးရာ။ နင်မပါရင် ငါရော လွန်ရော ပျော်မှာ မဟုတ်ဘူး ။ မကြိုက်ရင် မခေါ်တော့ပါဘူး။ ပြေးကြည့်မှ ဒီသူငယ်ချင်းလေး သုံးယောက်ပဲ ရှိတာ။ စိတ်မကောက်ကြေးလေ။ ဟုတ်တယ်နော် လွန်”

“ဟုတ်တယ်ဟုတ်”

အနှိုင်းမဲ့က စစ်ကူတောင်းလေသဖြင့် များ သာလွန်က ခေါင်းညိတ်၍ ထောက်ခံလေသည် ။ ရွက်ဝါက နှုတ်ခမ်းကို စူချွန်ထားလျက်…

“ဒါဆို ငါ ရေချိုးပြီး အလှပြင်ဦးမှာ ”

"ဒီပုံစံလေးနဲ့ လိုက်ပါလား။ အရမ်းလှတာ"

"မလေးရှားစုန်းမ ဆိုပြီး လူတွေ ထွက်ပြေးကုန်မှာ "

"နင်တို့ နော်... တော်ပြီ။ ငါ မလိုက်တော့ဘူး"

"ဟိတ်"

ရွက်ဝါ ခြေကလေးဆောင့်၍ လှည့်ထွက်သွားလေသဖြင့် အနှိုင်းနဲ့ လွန် ပြိုင်တူပင် ရွက်ဝါဘေးတစ်ဖက်စီသို့ ရောက်ရှိသွားလေပြီ။ အနှိုင်း၏ ဘယ်လက်နှင့် လွန်၏ ညာလက် ဆက်၍ ရွက်ဝါကို တားထားကြလေသည် ။

"စိတ်မကောက်ကြေးလေ။ နင် ရေသွားချိုး။ ငါတို့ နှစ်ယောက် အခုပဲ လိုက်လာခဲ့မယ်။ ပြီးရင် မိတ်ကပ်ပြင်ပေးမယ်... ဟုတ်ပြီလား"

"ရှုပ်ပါတယ်ကွာ။ ရေကူးကန်ထဲမှာ ပဲ ဒီအတိုင်း ရေကူးပြီး ချိုးကြတာပေ့ါ။ လာ... ရွက်ဝါ"

လွန်က ရွက်ဝါလက်ကို ဆွဲခေါ်လေလျှင်...

"အယ်... ငါ သွားမတိုက်ရသေးဘူးလေ"

"အေး... ဟုတ်သားပဲ။ ဒါဆိုလည်း မြန်မြန်သွား။ အနှိုင်းနဲ့ ငါ ရေချိုးပြီးလို့ လာတာနဲ့ နင် အဆင်သင့်ဖြစ်အောင် မြန်မြန်လုပ်ထား"

"OK"

"ရှုပ်ပါတယ်ကွာ... တို့ ပါ လိုက်သွားမယ်။ လာ... ဒီကောင်မလေးက လွယ်တာ မဟုတ်ဘူး ။ တော်ကြာ တို့ ကို အရွဲ့တိုက်ပြီး ရေချိုးခန်းထဲကမထွက် ဖြစ်နေမယ်"

အနှိုင်းစကားကြောင့် ရွက်ဝါ ပြုံးဖြဲဖြဲလုပ်ပြလေသည် ။ သူမအကြံ

ကို သူတို့ က ကြိုသိနေတာကိုး။ သုံးယောက်သား အိမ်ထဲသို့ ပြေးဝင်လာခဲ့ကြပြီး အနိုင်းက သွားတိုက်ဆေးဘူးနှင့် သွားပွတ်တံကို ယူလာပေးသလို လွန်က ရွက်ဝါခြုံဖို့ မျက်နှာသုတ်ပဝါကြီးကို ယူလာပေးသည် ။

သူတို့ တွေ အဲဒီလောက်အထိ ချစ်ကြသည့် သူငယ်ချင်းတွေပါ။ အနိုင်းမဲ့နှင့် များ သာလွန်က ခြံချင်းကပ်လျက်။ ရော်ရွက်ဝါတို့ ခြံက သူတို့ နှင့် မျက်နှာချင်းဆိုင်။

အနိုင်းနဲ့ ရွက်ဝါက မူကြိုကျောင်းသားဘဝကတည်းက အတူတက်ခဲ့ကြတာပါ။ လွန်နဲ့ က ငါးတန်းနှစ်ရောက်မှ ဆုံခဲ့ကြတာ။ မိုးကုတ်ကနေ ပြောင်းလာကြသော လွန်တို့ မိသားစုကို အားလုံးက ခင်မင်ခဲ့ကြသည် ။ အစက နှစ်အိမ့်တစ်အိမ်ကနေ နောက်တော့ သုံးအိမ်တစ်အိမ်လိုနေလာခဲ့ကြ သူတွေပါ။

“အေး… လုပ်ပေးကြ… လုပ်ပေးကြ။ မင်းတို့ နှစ်ယောက် အဲဒီလို ဂရုစိုက်လေ ဒီကလေးမက ဆိုးလေလေပဲ”

“မေမေကလည်း သမီး ဘာဆိုးလို့ လဲ”

ဒေါ်ပွင့်ဝါ ရောက် လာပြီး ဆိုလိုက်သောစကားကြောင့် အနိုင်းရော လွန်ပါ ရယ်လိုက်ကြပေမယ့် ရွက်ဝါကတော့ နှုတ်ခမ်းက လေချွန်သံထွက်လုမတတ် စူထော်ထားလေသည် ။

“မဆိုးလို့ တော်သေးတာပေ့ါနော်။ ဆိုးသာဆိုးရင်တော့…”

“မေမေနော်… သူတို့ ဆိုးတာ၊ ဗိုလ်ကျတာကိုတော့ မေမေဖြင့် မသိဘဲနဲ့ ”

“ဟုတ်လား… မေမေ့အမြင်တော့ သမီးလေး သားတို့ အပေါ် ကျီကျနေတာကိုပဲ မြင်တယ်”

"တွေ့လား... ဟဲ့နှစ်ကောင်... နင်တို့ ငါ့အပေါ် ဘယ်လိုဆိုးခဲ့တယ် ဆိုတာ မေမေသိအောင် ပြောပြလိုက်"

လွန်က မျက်နှာကလေးမဲ့၍ ခေါင်းခါပြလေသည် ။ အနိုင်းကတော့ ဟဲခနဲ ရယ်ကာ လည်ပင်းကို လက်ဖြင့်ပွတ်လျက်...

"ဟို... အရင်တုန်းက ကျွန်တော်တို့ စခဲ့တာကို ရွှက်ဝါက အစာမကြေ ဖြစ်နေတာ အန်တီဝါရဲ့ "

"သားတို့ က ဘယ်လိုစလို့ လဲ"

အနိုင်းက လွန့်ကို တံတောင်နှင့်တွက်၍ 'မင်းဖြေလိုက်' ဆိုတဲ့ သဘောနဲ့ မျက်စပစ်ပြလေလျှင် လွန်က...

"ဟိုလေ... ရွှက်ဝါရဲ့ ကွန်ပါဘူးထဲကို"

လွန်က စကားကို ဖြတ်ထား လိုက်လေလျှင်...

"ဆက်ပြောလေ သား။ ကွန်ပါဘူးထဲကို ဘာလုပ်လိုက်လို့ လဲ"

"အဟဲ... တီ... တီကောင်တွေ ထည့်ပေးလိုက်တာ"

"ဟယ်..."

ဒေါ်ပွင့်ဝါ မျက်လုံးပြူးလေးနှင့် ရင်ဘတ်ကို ဖိလေတော့သည် ။ ထို နေ့လေးကို သူတို့ သုံးယောက်စလုံး အမှတ်ရနေဆဲပါ။

ဆရာဝင်လာလို့ ရွှက်ဝါ ကွန်ပါဘူးကိုလည်း ဖွင့်လိုက်ရော တီကောင်ထွေးကြီးကို မြင်လိုက်ရ၍ ငယ်သံငယ်ရင်းပါအောင် အော်ခဲ့တာလေ။

ဆရာလည်း သိရော အနိုင်းရော လွန်ပါ တစ်ယောက် ငါးချက်တောင် တင်ပါးကို အတီးခံလိုက်ရတာ။

"ကဲ... သိပြီလား မေမေ။ အဲဒါတင်မကသေးဘူး။ သူတို့ သမီးဆီမှာ

ပိုက်ဆံ ခဏခဏ ချေးပြီး တစ်ခါမှ ပြန်မဆပ်ဘူး။ ဒါကြောင့် ဒီနှစ်ကောင်ကို တန်အောင် ပညာပြန်ပေးနေတာ”

“မိဝါရယ် နင် တို့ ကိုခေါ်တာကလည်း ဒီနှစ်ကောင်... ဒီနှစ်ကောင်နဲ့ တိရစ္ဆာန်တွေအတိုင်းပဲ”

“နင်တို့ ငါ့ကို မိဝါလို့ ခေါ်တာကရော”

“အဲဒါ ခင်လို့ ချစ်စနိုးခေါ်တာ”

ရွှက်ဝါက မျက်စောင်းလေးထိုးလျက်...

“ငါလည်း တန်ရာတန်ရာ ခေါ်တာ။ မကျေနပ်ရင် လဲသေလိုက်”

အနှိုင်းက လွန်နဲ့ကို လက်ညှိုးထိုးလျက်...

“လွန်... မင်း သေလိုက်”

“အောင်မာ... ငါက ဘာလို့ သေရမှာ လဲ။ မင်း သေပါလား”

“ငါက သေစရာမလိုဘူး။ ရွှက်ဝါ ဘယ်လိုပဲခေါ်ခေါ် ကျေနပ်တယ်”

“ရုပ်ကိုက ကြည့်ပါလား။ ခွေးချေးပုံ ကြက်ယက်ထားတဲ့ ရုပ်နဲ့ ”

“ဟ... ကိုယ့်ရုပ်ကိုယ်လည်း မှန်ထောင်ကြည့်လိုက်ဦး။ ကျီးကန်းကို လေးမှန်ထားတဲ့ ရုပ်ကို”

“တော်ကြပါတော့ကွယ်။ သုံးယောက်စလုံး အိုးမည်းတွေ ဗရပွနဲ့ ။ သွား... ရေချိုးကြ”

ဒေါ်ပွင့်ဝါပြောလိုက်မှ ပဲ လွန်က ရွှက်ဝါဘက်သို့လှည့်ကာ...

“ရွှက်ဝါ... မြန်မြန်လေးနော်”

“အေးပါဟဲ့”

ရွက်ဝါ ရေချိုးခန်းဘက်သို့ ထွက်သွားသည် နှင့် အနိုင်းနှင့်လွန်က ရေကူးကန်ဘက်သို့ ပြေးခဲ့ကြသည် ။

ယောက်ျားလေးတွေဆိုတော့ မြန်တာပေါ့။ ရေကူးပြီး အိမ်ကိုပြန်၍ အဝတ်လဲကြသည် ။ လွန်ကတော့ ထုံးစံအတိုင်း အလှအပကြိုက်သူမို့ သနပ်ခါးကို ဖွန်ဖွန်လိမ်းလျက် ဆံပင်တွေကို ဂျယ်နှင့်ထောင်ထားလိုက်သေးသည် ။ ပုံစံက ရှိုးစမိုးအပြည့်နှင့်။

အနိုင်းကတော့ ဖြစ်သလိုနေတတ်သူပဲလေ။ ရှင်မတောင် သနပ်ခါးစစ်စစ်ကို ရေကျဲသွေးပြီး လိမ်းကာ ဆံပင်တွေက ရေစက်လက်နှင့်။ ဘယ်လိုပဲနေနေ ချောတဲ့ လူက ချောတာပါပဲ။

"ရွက်ဝါ"

" လာပြီ"

အိမ်နေ အဝတ်အစားများ နှင့်ပဲ ရွက်ဝါ ပြေးထွက်လာသည် ။ သူမ အထာကို သိပြီးသားလေ။ ဒါကြောင့်...

"သနပ်ခါး လိမ်းရအောင်"

ရွက်ဝါက ခေါင်းညိတ်ပြလေတော့ သုံးယောက်သား ရွက်ဝါ၏ အလှပြင်ခန်းသို့ ဝင်ခဲ့ကြလေသည် ။ သူတို့ လေးတွေကိုကြည့်၍ ဒေါ်ပွင့်ဝါကတော့ ကြည်နူးနေမိ၏။

"မာမီ... ရွက်ဝါကို ညွှန်ကြားချက်ထုတ်တော့လေ"

ရွက်ဝါက လွန့်ဘက်ကိုလှည့်၍ ဆိုလေတော့ လွန်က ပြုံးကာပင် မိတ်ကပ်ထူထူ မလိမ်းနဲ့ ၊ နှုတ်ခမ်းနီ ဘာရောင်ဆိုး စသည် ဖြင့် ညွှန်ကြားလေတော့သည် ။ ဒါ သူတို့ သုံးယောက် လုပ်နေကျ ထုံးစံလေ။

အနှိုင်းက ရွှက်ဝါဝတ်ဖို့ အဝတ်တွေကို ရွေးနေ၏။ ဘယ်နေရာသွားရင် ဘာအဝတ်၊ ဘာအရောင်နှင့်တော်သည် ဆိုတာကို သူက ရွေးပေးနေကျလေ။ အဝတ်ဝယ်ရင်လည်း လွှန်နဲ့ အနှိုင်း ရွေးပေးတာကို ရွှက်ဝါက ဝယ်တတ်သူပါ။ သူတို့ က အဲဒီလောက်ပဲ တစ်ယောက်နှင့်တစ်ယောက် ဂရုစိုက်ပြီး ချစ်ကြသည့်သူတွေလေ။

“ရေကစားထွက်မှာ ဆိုတော့ Quarter Pants လေးပဲ ဝတ်။ လွတ်လွတ်လပ်လပ် ရှိတယ်”

“အင်္ကျီက ဘာရောင်လဲ အနှိုင်း”

“အဖြူပေါ်မှာ အရုပ်က အနက်ကလေး။ စာတန်းက အနီ”

“ဒါဆို နှုတ်ခမ်းနီ ကို အရောင်ပျော့တာ ဆိုး… ရွှက်ဝါ”

“ဟုတ်ကဲ့”

“နင် Common ထက်ပိုပြီး မပြင်နဲ့ နော် ရွှက်ဝါ”

“အေးပါဟဲ့”

ရွှက်ဝါအခန်းလေးထဲမှာ ရွှက်ဝါလှပရေးအတွက် မာမီနှစ်ယောက်က စကားလုံးနှင့် စီမံ ခန့်ခွဲနေကြသည် မှာ အမောပါလေ။

*

# အခန်း (၂)

သင်္ကြန် အကျနေ့။

“ကြက်ဖတည်င် x x x တောကိုဝင် x x x မောင်ရင်လာ လေးနဲ့ ပစ် x x x မပစ်ပါနဲ့ မောင်ရင်ရယ် x x xကြက်တက်စူးလို့ သေပါ့မယ် x x x ဘယ်ဘက်ကစူးစူး x x x ညာဘက်က စူးစူး x x x ခွပ်လိုက်ကြစို့ သူငယ်ချင်းရေ x x x အောက် x x x အီး x x x အီး အွတ်”

“မုန့်လုံးရေပေါ် စားပါဦး x x xစတုဒိသာ စားပါဦး x x x ငရုတ်သီးလေး စပ်တယ်ဗျ x x x သူငယ်ချင်းရေ x x x အောက် x x x အီး x x x အီး အွတ်”

မဏ္ဍပ်မှာ လူတွေက အုန်းအုန်းကျွက်ကျွက်နှင့် စည်ကားလျက် အလှမျိုးစုံ အသံပေါင်းစုံနှင့် ဆူညံပွက်နေတော့သည် ။

အနှိုင်းနှင့် လွန်လည်း သဲချင်းတိုင်းသဲ၊ ကဲချင်တိုင်း ကဲနေကြတော့၏။ ရွက်ဝါက မိန်းကလေး ဆိုတော့ သူတို့လို ဘယ်ကဲရဲပါ့မလဲ နော်။

မြန်မာမိန်းကလေးဆိုတာ ဝတ်တာစားတာသာ ခေတ်ရေစီးကြောင်းနှင့်အညီ လိုက်လျောညီထွေ ဝတ်လို့ ရပေမယ့် ကိုယ်ကျင့်တရား၊ ဣန္ဒြေသိက္ခာတွေကိုတော့ မြန်မာပီပီ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းတာ အကောင်းဆုံးပါပဲ။

“ချိုပြုံးရွှင်သော နှမပျိုရယ် x x x တစ်ကိုယ်လုံးပင် ချောအလှပိုတယ်

x x x အမောက်ကလေး တသသနဲ့ x x x မြှောက်လို့ ပေးတာ မဟုတ်ဘူး ကွယ် x x x ထွန်းသစ်စ x x x လရောင်ခြယ် x x x ခိုင်ညှာတံ ပွင့်လန်း x x x ပန်းလိုနှယ်”

သီချင်းမှန်သမျှ ဟုတ်တာတွေရော မဟုတ်တာတွေရော စွတ်အော်နေသော အနိုင်းနဲ့ လွန်၏ အသံပြဲကြီးတွေကြောင့် အချို့ နားကို ပိတ်ထားကြသည် ။ ယောကျ်ားလေးတွေကတော့ ဖလားကို တုတ်နှင့် စည်းချက်ကျကျ ရိုတ်ခတ်ပေးနေသည် ။

“ဝက်ပုပ်ကလည်း လှပါတယ် x x x ရွှေခေါလေးကလည်း လှပါတယ်”

ဝဝဖိုင့်ဖိုင့် အမျိုးသမီးနှင့် သွားလေး ခေါနေသော အမျိုးသမီးနှစ်ယောက် ယှဉ်တွဲလာတာကို မြင်ပြီး အနိုင်းက ထအော်လေသည် ။

အတိုင်အဖောက်ညီနေကြသော လွန်နှင့် အနိုင်းကိုကြည့်၍ ရွက်ဝါက တခစ်ခစ်နှင့်သာ ရယ်နေ၏။

“ဟော့… ဝက်ပုပ်ကလည်း လှပါတယ်ဆိုတာ ဘယ်သူလဲ။ ငါ့ဘာသာ ငါ ဝတာ နင်တို့ အပူ ပါလို့ လား။ ဘယ့်နှယ်… ငါလှတာကို စော်စော်ကားကား”

“မြတ်စွာဘုရား”

“ကယ်တော်မူပါ… ရွှေတိဂုံ”

လွန်က လက်အုပ်ချီလျက် ဘုရားတလေသည် ။ တကယ်တော့ အနိုင်းအော်လို့ သာ သူ လိုက်ပြီးအော်တာ ဘယ်သူ့ကိုမှ မြင်လို့ မဟုတ်ပေ။

“ငါ့ကိုလည်း ရွှေခေါလေး ဘာလေးနဲ့ ။ ငါ့သွားခေါတာ နင်တို့ အသားကို လာပြီး ဖဲ့စားနေလို့ လားဟဲ့”

"အယ်…"

"လုပ်ကြပါဦး"

စွာလိုက်တဲ့ အသံတွေ။ အဆိုတော်သာ လုပ်စားရင် မြန်မာတွင် သာမကလို့ ကမ္ဘာကျော်အောင် နာမည်ကြီးနိုင်သည် ။ အခုမှ သူတို့ သေသေချာချာ ကြည့်မိကြတော့ တစ်ယောက်က ဧရာမ ကိုယ်လုံးကြီးနှင့်။ တစ်ယောက်က ရှေ့သွားလေးနှစ်ချောင်းက အပြင်ထွက်လုမတတ်။

လွန်က အနှိုင်းကို လက်ကုတ်၍ …

"မင်းက အရုပ်ရှည်တဲ့ ကောင်ဆိုတော့ မင်းနဲ့ မှ လိုက်ဖက်မှာ ကွ"

အနှိုင်းက ပခုံးတွန့်လျက်…

"ဒါကြီးနဲ့ စားရေး ဝတ်ရေး တာဝန်ယူဖို့ က မလွယ်ဘူးကွ"

"ဟား…ဟား…ဗလအားကိုးနဲ့ အနိုင်ကျင့်မှာ ကို ကြောက်တယ်လို့ ပြောပါကွာ"

"အိပ်လို့ ရယ် မပျော်… ဆင်အော်လို့ မနိုး။ စားလို့ ရယ် မဝင်… ဆန်တစ်ပြည်ချက် တက်တက်ပြောင်… အမေ့သား တောင်တောင်ဤဤ မတွေးရဲပါဘူး… ဟူး… ဟု အူ"

"ကောင်းလှချည်လား မင်းသားရာ"

အနှိုင်း မဝက်ပုပ်တို့ ကို မသိချင်ယောင်ဆောင်၍ ဇာတ်ဟန် ဇာတ်သံနှင့် ခွန်းထောက်လိုလို ဘာလိုလို ဆိုလေတော့ လွန်က နောက်ကနေ လိုက်ထောက်ပေးလေသည် ။ ဖလားခွက်ကို တုတ်နှင့် တီးကြသော အဖွဲ့က ရယ်တာ တခွီးခွီးနှင့်ပါ။

တော်တော် ဗရုတ်သုတ်ခကျသည့် ကောင်တွေ။ ရွက်ဝါကတော့ သူ

တို့ ဒီပြဿနာကို ဘယ်လို ဖြေရှင်းမလဲဟု စောင့်ကြည့်နေသည် ။

"ဟဲ့… အခုမှ ဘာ မသိချင်ယောင် ဆောင်နေတာလဲ။ စောစောက ဝက်ပုပ်ကို သီချင်းလုပ် ဆိုတာ နင်တို့ နှစ်ယောက် မဟုတ်လား။ မှန်မှန်ပြောစမ်း။ ရီးတီးယားတားတော့ မလုပ်နဲ့ နော်။ ပါးကျိုးသွားမယ် ။ ဘာမှတ်လဲ"

"အမယ်လေး… လေး"

လွန်က မျက်လုံးပြူးလေးနှင့် ပါးကို လက်ဝါးနှင့်ပွတ်တော့ အနှိုင်းက…

"မရိုက်ရသေးဘူးလေ"

"လူကြီးတွေရဲ့ ဆုံးမစကား ရှိလို့ ပါကွာ။ ဘာတဲ့ … မရိုက်ခင်ကကြိုပြီးနောက်ရတယ် တဲ့ "

"ဟုတ်… ပေ့… ဗျာ"

"တောက်… ဒါ ငါ့ကို ပမာမခန့် လုပ်နေတာ။ နင်တို့ နှစ်ယောက် အခု ကားပေါ်က ဆင်းခဲ့စမ်း"

မဝက်ပုပ် ထဘီစကို မ၍ ဆွေ့ဆွေ့ခုန်လေပြီ။ ဟိုတစ်ယောက်ကလည်း ခါးကြီးထောက်လျက် သူတို့ ကို စူးစူးရဲရဲ ကြည့်နေသည် ။ အနှိုင်း မနေသာတော့ဘဲ ကားပေါ်မှ ခုန်ဆင်းလေတော့ လွန်ကပါ သူနှင့်အတူ ဆင်းလိုက် လာလေ၏။

"ဒီကအစ်မကို ကျွန်တော်တို့ က စ စရာလားဗျာ။ ကျွန်တော်တို့ က အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း ပြောတာ။ ကျွန်တော် အတည်ကို ပြောတာပါ။ အစ်မက ခန္ဓာကိုယ် မဆိုသလောက်ကလေး ဝတာကလွဲရင် မျက်နှာလေးက တကယ်ကို လှတာပါ"

"မင်း မြှောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဩော်... အစ်မရယ် ကျွန်တော်တို့ က မြှောက်ရ ပင့်ရအောင် ဒါက သကြ်န်ပွဲလေ။ ဦးရှင်ကြီး တင်နေတာလည်း မဟုတ်၊ နတ်ကနား ပေးနေတာလည်း မဟုတ်ဘဲနဲ့ ။ အစ်မကလည်း နတ်ကတော် မဟုတ်ဘူးလေ။ ဟုတ်တယ်နော်... လွှန်"

အနိုင်းက လွှန့်ဘက်သို့လှည့်၍ ဆိုလေသဖြင့် လွှန်က ခေါင်းကို သွက်သွက်ညိတ်ကာ...

"ဟုတ်တာပေ့ါ... အစ်မက မျက်နှာလေးက အရမ်းလှနေတော့ အဲဒါကို ဒီကောင်က ကြည့်ပြီး ဘုတ်ခနဲဆို ကြွေသွားတာ"

"ဘာလဲ... ဘာကြွေတာလဲ"

"ပန်းသီး... ပန်းသီး... လက်ထဲက ပန်းသီးက အောက်ကို ကြွေကျသွားတာ"

"အဲဒီလောက်တောင်ပဲလားကွယ်"

"ကျွန်တော် ညာတာ မဟုတ်ဘူး နော်။ မယုံရင် သူတို့ ကို မေးကြည့်"

အမျိုးသမီးက ကားပေါ်က သူတို့ သူငယ်ချင်းတွေကို မော့ကြည့်ကာ...

"သူပြောတာ ဟုတ်လားဟင်"

ငါ့ကို မယုံရင် ငါ့မယားကိုမေးကြည့် ဆိုတာမျိုးပါ။ သူမ၏ အမေးကို ကားပေါ်က ငနဲသားတွေ ခေါင်းတညိတ်ညိတ်နှင့် အားတက်သရော ထောက်ခံလေသည် ။

"ဟုတ်တယ် အစ်မ... ဟုတ်တယ်။ မယုံမရှိနဲ့ နော်။ အစ်မက တက

ယ်လှတာ… သိလား။ ဝသောသူသည် လှ၏ တဲ့ ။ ပိန်သောသူသည် လှ၏ ဆိုတဲ့ စကား မရှိပါဘူး အစ်မရယ်။ ပြီးတော့လေ… လူတွေက ဟိုမှာကြည့်စမ်း… ဝဝကစ်ကစ်နဲ့ ချစ်စရာလေးလို့ သာ ပြောကြတာ။ ပိန်ကပ်ကပ်နဲ့ ချစ်စရာလေးလို့ ဘယ်သူမှ မပြောဘူး။ အစ်မရဲ့ ခန္ဓာ ဝခြင်းအတွက် ဂုဏ်ယူလိုက်စမ်းပါဗျာ”

လုပ်လိုက်ကွ။ အားလုံးကတော့ အခင်းအနင်း ညီနေကြသည် လေ။

“ဒါဆို ငါ့ကို ရွှေခေါကလည်း လှပါတယ်လို့ ပြောတာကျတော့ နင်တို့ ဘယ်လို ဖြေရှင်းကြမလဲ။ ဒီသွားတွေ ခေါနေမှ တော့ ဒီမျက်နှာက ဘယ်လိုလုပ်ပြီး လှနိုင်မှာ လဲ”

“ဗုဒ္ဓေါ…”

“သမ္ဗန်လာပါ လှေလာပါ”

ကယ်ဆယ်ရေးကို အကူအညီတောင်းသလို အသံရှည်ဆွဲ၍ ဒီတစ်ခါ အော်သူက လွန်ပါ။

တစ်ရန်ရှင်းလို့ မှ မပြီးသေးဘူး နောက်တစ်ရန်က ညာသံပေး၍ ဝင်လာပြန်ပါပြီ။

အန္တိုင်းက ခေါင်းကို တဗျင်းဗျင်းကုတ်လေတော့၏။ လွန်က အသက်ကို ဝအောင်ရှူသလို ခါးကိုထောက်၊ ခေါင်းကိုမော့လျက် ဟူးခနဲ လေပြင်းတစ်ချက် မှုတ်ထုတ်လိုက်သေး၏။

ရွက်ဝါကို လှမ်းကြည့်ကြလေတော့ ‘ပါးရိုက်ခံရလိမ့်မယ်’ ဟူသောသဘောဖြင့် လက်ဝါးကို ထောင်ပြ၊ ပါးကိုပွတ်ပြလုပ်ပြီး ရယ်နေလျှင် လွန်က မျက်စောင်းကြီး လှမ်းထိုးလေ၏။

“ဟိုလေ… ဒီက အစ်မ စိတ်မဆိုးဘူးဆိုရင် ကျွန်တော် အကြံတစ်ခု

လောက် ပေးချင်ပါတယ်”

“ဘာလဲ… ပြော”

အသံက စူစူဆောင့်ဆောင့်မို့ အနှိုင်း တွန့်ခနဲ ဖြစ်သွားလေလျှင် လွန်ကပဲ အရဲစွန့်လျက်…

“အစ်မကလေ… သွားလေးခေါတာကလွဲရင် ကျန်တာ ဘာမှ ဆိုစရာ မရှိအောင် လှပါတယ်။ အဲဒါကြောင့် ဘွားဘက်ဆိုင်ရာ ဆရာဝန်တွေနဲ့ ပြပြီး အစ်မရဲ့ သွားကို နုတ်… နုတ်ပစ်လိုက်ပါလား…ဟင်”

“ဒီသွားကို နုတ်ပစ်တော့ ငါက ဘယ်သွားနဲ့ ထမင်းစားရမှာ လဲ။ ပြောပါဦး”

“အဟဲ… ဟိုလေ”

“အဲဒီအတွက်တော့ မပူပါနဲ့ အစ်မရယ်။ အခုရှိနေတဲ့ သွားကို နုတ်ပြီး အင်မတန်မှ လှပတဲ့ သွားတန်းညီလေးတွေ ပြန်စိုက်လို့ ရပါတယ်”

အနှိုင်းက ပျာပျာသလဲ ဝင်ဖြေလိုက်ခြင်းပါ။

“နင်ပြောတာ တကယ်ပဲလား”

“တကယ်ပါ အစ်မရယ်။ မယုံရင် အစ်မ ခုသွားမလား။ ကျွန်တော့်မှာ ကားပါတယ်။ အခမဲ့ လိုက်ပို့ပေးမယ်လေ”

“နေပါ… ကိုယ့်ဟာကိုယ်ပဲ သွားပ့ါမယ်”

မရွှေချောနှစ်ယောက် စိတ်ပြေပုံပေါက်သွားမှ ပဲ သူတို့ ဟင်းချနိုင်တော့သည် ။

လွန်က လစ်ဖို့ ကိုသာ အာရုံထားလျက် ရှက်ဝါကိုခေါ်ပြီး သူတို့ ၏

ဆပ်ဖ်ကားအနက်ရောင်လေးဆီသို့ ပြေးလေတော့သည် ။

"အနှိုင်းရေ… မိုးသက်မုန်တိုင်း ရှိတယ်။ လစ်စို့ဟေ့"

"ဟင်… နွေခေါင်ခေါင်ကြီး ဘယ်က မုန်တိုင်းရှိမှာ လဲ"

"အဲဒါတော့ ကျွန်တော် မသိဘူး အစ်မရဲ့ ။ ရေဒီယိုက ကြေညာတာဖြစ်မှာ ပေါ့။ ဒီကောင်က သူသွားလေရာမှာ ရေဒီယို ဆောင်ထားတဲ့ သူလေ။ သွားမယ်နော်… ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

မရွှေချောနှစ်ယောက် စိတ်ထားမပြောင်းခင်ပဲ အနှိုင်း ကားဆီသို့ ပြေးလေတော့သည် ။ သူငယ်ချင်းတွေကို လက်ပြနှုတ်ဆက်ခဲ့ပြီး အနှိုင်းလည်း ကားပေါ်တက်ရော လွန်က ကားကို ဝူးခနဲ မောင်းထွက်လေတော့၏။

"ဟူး"

ခုမှ ပဲ အနှိုင်း သက်ပြင်းချနိုင်တော့သည် ။

"ခစ်. . . ခစ်"

သူတို့ ကိုကြည့်ပြီး ရွက်ဝါက ရယ်လေလျှင်…

"နင်က ဘာရယ်တာလဲ"

"ရယ်ပါတယ်ဆိုမှ တော့ သဘောကျလို့ ပေါ့"

"အေး… ရယ်… အဲဒီမှာ သေအောင်ရယ်"

"အခုမှ မဆိုင်တဲ့ ငါ့ကို လာမကျိန်နဲ့ ။ အဲဒါ နင်တို့ ကိုယ်ဂါထာနဲ့ ကိုယ် အာပြတာ… သိလား"

“နင်က ဝမ်းသာနေတယ်ပေါ့လေ”

“အင်း… ဒါပေါ့”

“ကဲ… ဝမ်းသာချင်ဦး”

“အား… အနိုင်းနော်”

“ကောင်းတယ်”

အနိုင်းက ရွက်ဝါနားရွက်ကို ဆွဲလိမ်သဖြင့် ရွက်ဝါက အော်လေလျှ င် လွန်က အားရသလို အပြုံးနှင့် ထောမနာပြုလေ၏။

“ဟာ… အနိုင်း”

“ဘာလဲကွ… မင်းဟာက အလန့်တကြား”

“ဟိုမှာ ကြည့်စမ်း”

အနိုင်းက လွန် လက်ညှိုးထိုးပြရာသို့ လိုက်ကြည့်လေသည် ။ ကားပျက်နေဟန်တူသော ကောင်မလေးနှစ်ယောက်ပါ။

ပုံစံတွေက အမိုက်စားလေးတွေ။

“အဟဲ… လန်းတယ်ကွ”

“နည်းနည်းပါးပါး အီစီကလီ လုပ်ကြည့်ရအောင်”

“မင်း Draw near မလား၊ ငါ Draw near ရမလား”

“ငါပဲ ချဉ်းကပ်မယ်”

“ဒါမျိုးတော့ လျှင်တယ်။ whoreson”

“ဟော့ကောင်… ဆဲတော့ မဆဲနဲ့ ။ အတူတူပဲ ဝင်ရောမယ်”

“အဲဒီလို မျှမျှတတ လုပ်စမ်းပါ”

ရွက်ဝါက မျက်စောင်းထိုးလေသည် ။ ဒီနှစ်ကောင်က အဲဒီလို ခပ်ရှုပ်ရှုပ်ကလေးတွေပါ။

အဲ… ရွက်ဝါကို အခြားကောင်လေးတွေ လာရှုပ်ပြီ ဆိုရင်တော့ အလွန် နှမြောတွန့်တိုစွာ လက်သီးတို့ ဒူးတို့ ကျွေးလွှတ်ကြသည် ။

ဘယ်လောက် မတရားလိုက်သလဲနော်။ သူတို့ ကတော့ ရည်းစားတွေထားပြီး ရွက်ဝါကိုတော့ ရည်းစား မထားရဘူးတဲ့ ။

ရွက်ဝါ ဘယ်လို ရည်းစားထားချိန် ရှိမှာ လဲ။ သူတို့ နှစ်ယောက်က ရွက်ဝါဘေးမှာ အမြဲတမ်း ကာရံထားတဲ့ ဆူးတွေလေ။

“နင်တို့ နှစ်ယောက်နော်… အဲဒီလို ကြပ်ကြပ်လုပ်။ ငါ နင်တို့ အိမ်တွေကို တိုင်ပြောမှာ ”

အန့်နိုင်းက ရွက်ဝါကို စောင်းငဲ့ကြည့်ကာ…

“နင့်ပါးစပ်ကို ပိတ်ထား”

“အောင်မာ”

“လူအလုပ် ကြောင်မရှုပ်နဲ့ မိဝါ”

“ဖြန်း”

“အား”

“ဘုန်း”

“သေပါပြီဗျာ”

ရွက်ဝါလက်က နှစ်ယောက်စလုံး၏ ကျောပြင်ကို ဖြောတင်စည်တီး

လေတော့သည် ။ နှစ်ယောက်စလုံး ကျောကော့သွားပေမယ့် ရွက်ဝါကို အပြစ်တင်စကား လုံးဝမဆိုကြပါ။

ကောင်မလေးတွေ၏ ကားဘေးသို့အရောက်တွင် သူတို့ ကားကို ထိုး ရပ်လိုက်ပြီး ကားပြတင်းမှ ခေါင်းလေးတွေပြူကာ…

“ဘာဖြစ်နေကြတာလဲ။ ကားပျက်လို့ လား”

“ဟုတ်ကဲ့ရှင့်”

“တို့ ဘာကူညီရမလဲ”

ကောင်မလေးနှစ်ယောက် စိတ်ရှုပ်နေပုံရသည် ကနေ သူတို့ ကိုမြင် တော့ အားကိုးသလိုကြည့်၍ မျက်နှာလေးတွေ ပြုံးလာသည် ။

“ဟို… ကားပြင်တတ်ရင် တစ်ဆိတ်လောက် ကြည့်ပေးကြပါလားရှ င်”

လွန်က အနိုင်းကိုကြည့်၍ မေးဆတ်ပြလေလျှင် အနိုင်းက ဆရာကြီးလေသံနှင့်…

“ရပါတယ်။ အပန်းကြီးတာမှ မဟုတ်တာ”

“ဒါဆို ကူညီပါနော်”

“OK”

အနိုင်းရော လွန်ပါ ကားပေါ်မှ ဆင်းလိုက်ကြသည် ။ အနိုင်းက ရွ က်ဝါကို ငုံ့ကြည့်လျက်…

“ရွက်ဝါ နင်ရော ဆင်းပါလား။ အညောင်းအညာပြေပေါ့”

“မလိုပါဘူး။ နင်တို့ အရှုပ်ထဲ ငါ့ကို ဆွဲမထည့်နဲ့ ”

"ဒါဆိုလည်း ပြီးတာပဲ"

ရွက်ဝါက ခပ်ဆောင့်ဆောင့် ဖြေသဖြင့် အနိုင်းက လျှာတစ်လစ်လုပ်ပြခဲ့ပြီး ကားပျက်ဆီသို့ လျှောက်သွားလေ၏။ လွန်လည်း ထို့အတူပါပဲ။

"ကားပြင်တဲ့ ပစ္စည်းတွေ ပါလား"

"အဲ... ကျွန်မတို့ က မိန်းကလေးတွေဆိုတော့ မပါဘူးရှင့်"

"ဒါဆို ခဏစောင့်နော်"

"ရပါတယ်... အေးဆေး လုပ်ပါ"

လွန်က သူတို့ ကားဆီမှာ ပါလာတဲ့ ကားပြင်သည့် ပစ္စည်းတွေကို သွားယူပေးသည် ။ သူတို့ က အမြဲတမ်း ထိုပစ္စည်းတွေကို ဆောင်ယူလေ့ရှိသည် လေ။ ကိုယ်တိုင် ပြင်တတ်ကြသည် ကိုး။

အနိုင်းနှင့် လွန် စိတ်တူကိုယ်တူပဲ ထိုကားကို ပြင်နေကြသည် ။ မိန်းကလေးတွေ ဒုက္ခရောက်နေတာမို့ ကိုယ်ချင်းစာပြီး ရွက်ဝါ ငြိမ်နေတာ။ နို့မဟုတ်ရင် နည်းနည်းကြာလာတာနှင့် လှမ်းအော်လိုက်ပြီ။ ဒါမှ မဟုတ် ကားပေါ်ကဆင်းပြီး လမ်းလျှောက်သွားပြီ။

အဲဒါဆိုရင် ဟိုကောင်မလေးတွေရဲ့ ကား ပျက်ရုံမကလို့ မီးပဲလောင်နေနေ အနိုင်းနဲ့ လွန် ထားခဲ့မှာ ကို ရွက်ဝါ သိနေသည် လေ။

"ကဲ... ကောင်းသွားပြီ။ စက်နှိုးကြည့်ပါဦး"

ဖြူဖြူချောချော ကောင်မလေးက ကားပေါ်သို့တက်ပြီး စက်နှိုးကြည့်ရာ အားလုံး ကောင်းသွားသည် မို့...

"ကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ်"

"ဒါနဲ့ ယူတို့ နာမည်တွေကို ပြောဦးလေ"

"ကိုယ့်နာမည်က အနှိုင်းမဲ့ပါ"

"ဟိုတစ်ယောက်ကရော"

"ကိုယ်က မျှား သာလွန် ပါ"

"ယူတို့ နာမည်တွေက အပျံစားပဲနော်။ လူပုံစံတွေကလည်း တကယ် မိတယ်... သိလား။ မိတ်ဖြစ်ဆွေဖြစ် တစ်ခုခု လိုက်စားပါလား"

"နေပါစေ။ နောက် လမ်းမှာ တွေ့လို့ ခေါ်ရင် ကျေနပ်ပြီ"

"ဒါနဲ့ မင်းတို့ ရဲ့ နာမည်တွေကိုလည်း ပြောခဲ့ဦးလေ။ ရင်ဘတ်ထဲမှ ထည့်ထားချင်လို့ "

လွန်ကတော့ စပြီ။ ကောင်မလေးတွေကလည်း စိတ်မဆိုးသည့်အပြင် အပြုံးလေးကိုယ်စီနှင့်။ ဖြူချောလေးက အာသွက်လျှာသွက်နှင့်ပဲ။

"တို့ နာမည်က သက်ထားသူ ပါ။ သူ့နာမည်က နွယ်နီထွန်း။ တို့ နှစ်ယောက်က အချစ်ဆုံး သူငယ်ချင်းတွေလေ"

အချစ်ဆုံး သူငယ်ချင်းဆိုလို့ ခုမှ ပဲ နှစ်ယောက်သား ရွက်ဝါကို သတိရသွားပြီး ပြိုင်တူ လှည့်ကြည့်လိုက်သည် ။ အနှိုင်းက...

"ကိုယ်တို့ သုံးယောက်ကလည်း အချစ်ဆုံး သူငယ်ချင်းတွေပဲလေ"

"ဟင်... တစ်ယောက်က ဘယ်မှာ လဲ"

"ဟိုမှာ လေ... ကားပေါ်မှာ ထိုင်နေတာ"

ကောင်မလေးတွေက ရွက်ဝါကို လှမ်းကြည့်ကာ

"ဩော်... တစ်ယောက်က မိန်းကလေး ကိုး။ သူ့နာမည်ကရော"

“ရော်ရှက်ဝါ တဲ့ ”

“အံ့သြစရာပဲနော်”

“ဘာကိုလဲ”

လွန်က နားမလည်သလို မေး လိုက်လေလျှင်…

“သြော်… ယူတို့ သုံးယောက်စလုံး နတ်ပြည်က ဆင်းလာသလားလို့ပါ”

အနိုင်းက တွန့်ခနဲရယ်ကာ…

“ခုလို မြှောက်ပြောတဲ့ အတွက် Thank You ပါ”

“တကယ်ပြောတာပါ”

“ကဲ… တို့ ကို သွားခွင့်ပြုပါဦး”

“OK”

“ဘိုင်”

ကိုယ်စီ ကိုယ်စီ ကိုယ့်ကားပေါ်သို့ ကိုယ်တက်၍ မောင်းထွက်ခဲ့ကြတော့သည်။

*

## အခန်း (၃)

"လွန်ငယ်"

ခန္ဓာကိုယ်က အငြိမ်မနေဘဲ ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နှင့်ခြေဟန်လက်ဟန်တို့ က အလွန် ပဲများ စွာရှိနေကြောင်း style ကိုကြည့်ရုံနှင့် သိသာလှသည် ။ ဖုန်းပြောတာများ မင်းသား style နဲ့ ။ ကြည့်ရတာ မျက်လုံးထဲမှာ စပါးမွေးစူးနေသည် ။ သူမ အသံကျယ်ကျယ်ခေါ်လိုက်တော့ မောင်မင်းကြီးသားက လက်ကာပြနေသေး၏။

"ဟဲ့… နင့်ဖုန်းပြောတာနဲ့ ငါက ဘယ်သူ ပိုအရေးကြီးလဲ"

"ဘာတွေ လာပြီးကျိုင်ရှာနေတာလဲ။နား ခံတွင်းချဉ်တယ်။ ဘာမှလာမပြောနဲ့ "

"ဘာ"

မကြီး ခင်ထက်သာ၏ အသံက နားထဲမှာ စူးခနဲ။ လွန် ဖုန်းကို ခွပ်ခနဲမြည်အောင် ပစ်ချလိုက်ပြီး…

"ဘယ်လိုဖြစ်တာလဲ မကြီးရာ။ နားထဲမှာ ခရာမှုတ်လိုက်တဲ့ အတိုင်းပဲ"

"ခရာတင် မဟုတ်ဘူး ဟေ့။ ဖြစ်နိုင်ရင် ပါးစပ်မှာ မိုက်တပ်ပြီးကို အော်လိုက်ချင်တာ"

"ဗျာ"

"မဗျာနဲ့ ... စောစောက ကွိုင်ရှာတယ်။ နားခံတွင်းချဉ်တယ်လို့ နင် င့ါကို ဘာလို့ ပြောသေးလဲ"

"အဲဒါကမှ တကယ့်ကွိုင်အစစ်ပဲ။ စောစောက မကြီးကို ပြောတာ မ ဟုတ်ဘူး ။ ဟိုဘက်က ဖုန်းနဲ့ ကွိုင်ရှာနေတဲ့ မရွှေချောကို ပြောတာ"

"ဟောတော့်"

ခင်ထက်သာ မျက်လုံးကလေး ဝိုင်းသွားလေသည် ။ သူမက လွန် သူ မကိုပြောသည် ထင်ပြီး ဒေါဖောင်းသွားတာ။ အခု တစ်ဖက်က ဖုန်းဆ က်တဲ့ ကောင်မလေးကို ပြောတာတဲ့ ။

ခင်ထက်သာ မျက်မှောင်ကြုတ်၍ လွန့်ကို ကြည့်လိုက်သေးသည် ။ ဒီ ကောင်လေး ဘာတွေရှုပ်လာလို့ ဟိုဘက်က ကွိုင်ရှာသလဲမှ မသိတာ။

"လွန်ငယ်"

"ဗျား"

ထူးသံကို နားထောင်။ စိတ်မပါသလို၊ လူကို မတူမတန်သလိုနှင့်ပါ။

"စောစောက ဖုန်းဆက်တာ ဘယ်သူလဲ"

"နဒီလှိုင်"

"နင့်ရဲ့ နဒီလှိုင်ကို ငါမှ မသိတာ"

"မသိရင်လည်း မကြီး မသိတဲ့ ဘာသာ နေပါလား"

"ဟဲ့... နေလို့ ရမလား။ နင် ဘာတွေရှုပ်ထား ပွေထားပြန်ပြီလဲ"

"ဘာမှ ရှုပ်မထားဘူး။ သူက လာကပ်နေတာ။ မိန်းကလေးတွေကို အဲဒီ ချွဲတာနွဲ့တာတွေ မခံချင်လွန်းလို့ လက်ရှိရည်းစားတောင် ဖြတ်လို က်တာ ကြာပြီ။ စိတ်ကုန်တယ်"

လွန် ခေါင်းတခါခါနှင့် စိတ်ပျက်သလို မျက်နှာချောချောလေးကို ရှုံ့မဲ့ကာ ထွက်သွားဖို့ ပြင်လေလျှင်…

"ကလင်… ကလင်… ကလင်"

လွန် ခြေလှမ်းတွေ ရပ်တန့်သွားပြီး ဖုန်းကို သမင်လည်ပြန် ကြည့်လျက်…

"မကြီးပဲ ကိုင်လိုက်တော့။ ကောင်မလေးတွေဆိုရင် ကြိုက်သလိုသာ ကောလွှတ်ပေတော့"

"ဟွန်း"

မကြီးက မျက်စောင်းဝင့်လျက် ဖုန်းခွက်ကို ကောက်၍ နားထောင်လိုက်သည်။

"ဟဲလို"

"မကြီးလား… ဟိုကောင် ဘယ်သွားလဲ မကြီး"

"သြော်… အနှိုင်း… လွန် ရှိတယ်လေ"

အနှိုင်းဆိုတာနှင့် လွန် ဖုန်းဆီကို ပြန်ရောက်လာသည်။ မကြီးလက်ထဲက ဖုန်းကို ဆတ်ခနဲ ဆွဲယူလိုက်တော့…

"တကတဲ… နောက်က ကျားလိုက်လာတဲ့ အတိုင်းပဲ"

လွန်က အစ်မဖြစ်သူကို မျက်လွှာပင့်ကြည့်ကာ လျှာတစ်လစ် လုပ်ပြလိုက်သေးသည်။

"အနှိုင်း"

"အနှိုင်းတွေ ပလိုင်းတွေ လာလုပ်မနေနဲ့။ ဒီမှာ ရွက်ဝါ ငါ့ကို ပြသ

နာလာရှာနေတယ်”

“ဟ… အဲဒါ ငါနဲ့ ဘာဆိုင်လဲ။ မင်းရှင်းပေါ့”

“ခွေးကောင်… မင်းနဲ့ ဆိုင်လို့ မင်းဆီကို ဖုန်းဆက်ပြောတာပေါ့”

“ငါနဲ့ ဆိုင်တယ်”

လွှန် ဟက်ခနဲ ရယ်လိုက်၏။ အသက်နဲ့ ရင်းပြီး ဖြေရှင်းရမယ့် ကိစ္စ ဆိုလျှင်တောင် နှစ်ယောက်အတူ လက်တွဲ ဖြေရှင်းခဲ့သည် ။ အနိုင်းရော သူပါ ရွက်ဝါနှင့် ပတ်သက်လာရင်တော့ ခပ်တွန့်တွန့် ဖြစ်တတ်ကြသည် ။

ဒီကောင်မလေးက ကလေးမဟုတ်တဲ့ ကလေးဆိုးလေးလေ။ အားလုံးက ဝိုင်းပြီး အလိုလိုက်ထားတော့ ဗိုလ်ကျချင်သည် လေ။

“ဆိုစမ်းပါဦး”

“မင်းရဲ့ နဒီလှိုင်းက ရွက်ဝါကို ဖုန်းဆက်ပြီး ကောသွားလို့ တဲ့ ။ ရွက်ဝါကို မင်းနဲ့ လား ငါနဲ့ လား ဘာလား ညာလား အစ်တော့ ဟိုက စိတ်ဆိုးပြီး ငါ့ကို ဘယ်တော့မှ မခေါ်တော့ဘူး… ဘာဘူး ညာဘူးနဲ့ လာလုပ်နေတယ်”

“အဲဒါမှ ပြဿနာပဲ”

“အခုမှ ပြဿနာပဲ လုပ်မနေနဲ့ ။ နင့်ကောင်မက နင်တို့ နှစ်ယောက်နဲ့ ငါ့ကို ခပ်ကင်းကင်း နေပေးလို့ မရဘူးလား တဲ့ ။ အဲဒီတော့ နင့်တို့ နှစ်ယောက်စလုံး ငါနဲ့ မပတ်သက်ကြနဲ့ တော့”

“အနိုင်း… ခဏ”

“ခွပ်”

နောက်ကနေ လာရပ်ပြီး ပြောပြောပြန်ပြန်နှင့် ပြေးထွက်သွားသော ရွက်ဝါ။ လွန် ဖုန်းကို ခွပ်ခနဲ ပစ်ချကာ ရွက်ဝါနောက်သို့ ပြေးလိုက်သွားလေသည် ။

အန္တိုင်းလည်း သူတို့ ခြံထဲမှ ပြေးထွက် လာပြီး နှစ်ယောက်သား ရွက်ဝါကို လိုက်ချော့တာ တစ်နေ့လုံး ဘယ်လိုမှ ချော့လို့ မရတော့ပေ။

*